GPass အသုံးပြုလမ်းညွှန်

- Introduction (GPass Software အကြောင်းသိကောင်းစရာ)
- Using GPass (GPass ကိုအသုံးပြုခြင်း)
- Main Windows
- Bookmark Manager (စိတ်ကြိုက်အမှတ်အသား)
- Setup Option (သုံးချမှုအစီအစဉ်)
- Tray Icon
- Firewall and LAN Proxy Settings
- Integrity Check
- FAQ (အမေးအဖြေ ကဏ္ဍ)
- User Agreement (အသုံးပြုသူများ သဘောတူလိုက်နာရန်)

Introduction (GPass Software ၏အဓိကလုပ်ဆောင်ချက်များ မိတ်ဆက်)

GPass Software သည် အောက်ပါလုပ်ဆောင်ချက်(၃)ခုကို Internet စီးဆင်းမှုများအတွင်း ကောင်းမွန်စွာလုပ်ဆောင်ပေးနိုင်သည်။ ၄င်းတို့မှာ–

(၁) anonymous (IE အတွင်းရှိ သတင်းအချက်အလက်ဆိုင်ရာ အရင်းအမြစ်များကို အသုံးပြုသောအခါ အသုံးပြုသူ၏ Internet နည်းပညာဆိုင်ရာ ကိုယ်ရေးအချက်အလက်များကို ကွယ်ဝှက်ခြင်းဖြင့် အသုံးပြုသူ မည်သူမည်ဝါဖြစ်သည်ဟု မသိရှိနိုင်အောင် ပြုလုပ်ပေးခြင်း။)

(၂) secure (IE အတွင်း မိမိမှပေးပို့လိုသော သတင်းအချက်အလက်များကို လက်ခံသူနှင့် ပေးပို့သူအကြား ခိုးယူဖတ်ရှုနိုင်ခြင်းမရှိနိုင်အောင် ပေးပို့သော သတင်းအချက်အလက်များကို လျှို့ဝှက်သင်္ကေတများ ပြောင်း၍ ပေးပို့ခြင်း။)

(၃) unrestricted (IE အတွင်း Internet Service Provider (ISP)များမှ တားမြစ်ထားသော Web sites များကို ဖောက်ထွက်ကြည့်ရှုနိုင်ခြင်း။)

<u>GPass ၏ anonymous လုပ်ဆောင်၍ကမ္ဘာတစ်ဝှမ်းသို့ ချိတ်ဆက်ပုံ</u>

GPass သည် ပုံမှန်အသုံးများသည့် အမျိုးမျိုးသော Internet applications များ၏ network လမ်းကြောင်းများအတွင်းမှ ကမ္ဘာတစ်ဝှမ်းရှိ GPass Server များဆီသို့ Tunnels connection (ဥမင်လှိုင်ခေါင်းသဏ္ဌာန်)များကို တည်ဆောက်ရောက်ရှိနိုင်သည်။ ၄င်း၏ GPass Servers များမှတဆင့် အသုံးပြုသူများ

ကိုယ်စား သွားလိုရာ Web sites များသို့ပြန်လည်ချိတ်ဆက်ခြင်းဖြင့် GPass Servers များသည် အသုံးပြုသူ၏ နည်းပညာဆိုင်ရာ သတင်းအချက်အလက်ကို ကွယ်ဝှက်ပါသည်။ (eg. IP address of the user)

GPass ၏ security လုပ်ဆောင်ပုံနှင့်ချိတ်ဆက်ပုံ

GPass သည် အသုံးပြုသူများပေးပို့လိုသော သတင်းအချက်များကို လျှို့ဝှက်သင်္ကေတများအဖြစ် ပေးပို့နိုင်သောကြောင့် အသုံးပြုသူများနှင့်သက်ဆိုင်သော သူငယ်ချင်းများ၊ အလုပ်ရှင်များ၊ ပြည်တွင်း Internet Service Provider များ၊ Government Associations များမှ ဖျက်ယူထားနိုင်သော်လည်း ဖတ်ရှုနိုင်ခြင်းမရှိနိုင်ပါ။ ထို့အပြင် GPass သည် အသုံးပြုသူနှင့် အသုံးပြုသူ ဆက်သွယ်လိုသောနေရာအကြားတွင် လျှို့ဝှက်အဆက်အသွယ် လုပ်ပေးနိုင်သောကြောင့် တားမြစ် Web sites များကို ဖောက်ထွက်ဖတ်ရှုနိုင်သည်။ (ချွင်းချက်။ ။ညစ်ညမ်း Web sites များကို ကြည့်ရှုလေ့လာနိုင်မည်မဟုတ်ပါ။ GPass Servers များမှ တားမြစ်ထားပါသည်။) GPass သည် အမျိုးမျိုးသော network လမ်းကြောင်းများမှတဆင့် GPass Servers များဆီသို့ ချိတ်ဆက်နိုင်ရန် တီထွင်ထားသောကြောင့် Government မှဖြစ်စေ၊ Provider မှဖြစ်စေ တားမြစ်ထားသော အတားအဆီးများကို ရှောင်ရှားထိုးဖောက်သွားနိုင်သည်။ “SOCKETS”=Socks



GPass - Working Modes and Principles

Socks Direct Line – သတင်းအချက်အလက်များကို တားမြစ်ထားခြင်းမရှိသည့် တိုက်ရိုက်လိုင်း

GPass Mode - GPass Software ၏တားမြစ် /ထိုးဖောက်လမ်းကြောင်း(GPass မှ လျှို့ဝှက် code ပြောင်း၍ပေးပို့)
Skype Mode - Skype Software အတွက် GPass မှ တားမြစ် /ထိုးဖောက်လမ်းကြောင်း(GPass မှ လျှို့ဝှက် code ပြောင်း၍ပေးပို့)
Tor Mode - Tor Software အတွက် GPass မှ တားမြစ် /ထိုးဖောက်လမ်းကြောင်း(GPass မှလျှို့ဝှက် code ပြောင်း၍ပေးပို့)
Sock Mode - တားမြစ် /ထိုးဖောက်လမ်းကြောင်း (GPass မှ လျှို့ဝှက် code ပြောင်း၍ပို့နိုင်သည်)
GPass မပါပါက တားမြစ် Firewall များကို ရှောင်ရှားထိုးဖောက်၍မရနိုင်ပါ။

GPass Software ကို Internet အသုံးပြုရာတွင် အသုံးပြုသူ၏ ကိုယ်ရေးသတင်းအချက်အလက်ဆိုင်ရာ လုံခြုံမှု Security အတွက်ဖြင့်လည်း အသုံးပြုနိုင်သည်။ ထို့အတွက် အသုံးပြုနိုင်သော applications များမှာ (Internet Explorer , Firefox , Windows Media Player , Real Player , Outlook , Thunderbird , MSN , Skype , Yahoo Messenger)တို့ဖြစ်ကြပါသည်။

GPass Software ကို တီထွင်သူများသည် အင်တာနက်အသုံးပြုသူများ အကျိုးရှိရေးနှင့် ကမ္ဘာအင်တာနက် ဆက်သွယ်မှုနည်းပညာ တိုးတက်ရေးကို ရှေ့ရှုသည့်အတွက်ကြောင့် GPass Software တွင် အသုံးပြုသူ နစ်နာစေ မည့် Software များ၊ Virus များမပါရှိပါ။ GPass Software တွင် စုစုပေါင်း File တစ် File သာပါရှိ၍ ထို File ၏ extension မှာ ".EXE" ဖြစ်၍ Computer အတွင်း Install လုပ်ရန်မလိုပါ။

<u>GPass ကို PC တွင် ထည့်သွင်းအသုံးပြုပုံ</u>
<u>ထည့်သွင်းပုံ</u>
- GPass Software Version 3 သည် အသုံးပြုသူများ လွယ်ကူချောမွေ့စွာ သယ်ဆောင်အသုံးပြုနိုင်ပြီး၊ Install လည်း လုပ်စရာမလိုပါ။
- "GPass.exe" file တစ်ခုသာပါဝင်သော folder တစ်ခုကိုသာ မိမိတို့သိမ်းလိုသော CD-ROM, USB-Flash Drive အတွင်း၌သာ သိမ်းဆည်း၍အသုံးပြုလိုသောအခါမှ ထို "GPass.exe" file ကို "Double click" လုပ်၍ GPass ကို ဖွင့်နိုင်သည်။
- GPass Version 3 ကို အသုံးပြုစဉ်အတွင်း new version ထွက်လာလျှင်လည်း အသုံးပြုသူအား version အသစ်ကို upgrade လုပ်ရန် လာရောက်မေးမည်ဖြစ်ပြီး၊ Upgrade လုပ်မည်ဆိုပါက upgrade file ကို download လုပ်ရပါမည်။ new version ကို upgrade လုပ်ပုံမှာ new version "GPass.exe" file ကို old version ၏ "GPass.exe" file ကို read / write လုပ်နိုင်သော folder (သို့) My Document Folder အောက်တွင် save ထားနိုင်သည်။ GPass ကို Uninstall လုပ်ပုံမှာ"GPass.exe" file ကို delete လုပ်လိုက်ရုံပင် ဖြစ်ပါသည်။

<u>သတိပြုရန်</u>

GPass Software ကို GPass ၏ Web site ဖြစ်သော www.gpass1.com မှသာလျှင် download လုပ်သင့်သည်။ ထိုသို့မဟုတ်ခဲ့သော် တခြားနည်းဖြင့်ရခဲ့လျှင် software သန့်စင်မှု integrity check ကို ပြုလုပ်ပြီးမှ တွဲသုံးသင့်သည်။ integrity check လုပ်ပုံကို ကြည့်ပါ။

<u>နေ့စဉ်အသုံးပြုပုံ</u>

–Starting GPass (စတင်ဖွင့်လှစ်ပုံ)

GPass icon ကို double click လုပ်၍ဖွင့်လိုက်သောအခါ GPass ၏ Main Window သည် သင်၏ Desktop ပေါ်တွင် ပေါ်လာမည်။ ထို့အပြင် GPass ၏ Tray Icon သည်လည်း Taskbar ပေါ်ရှိ Windows Clock ၏ ဝဲဘက်တွင် ပေါ်လာမည်။ ပုံမှန်အားဖြင့် ၄င်း Tray Icon သည် အစိမ်းရောင်ဖြစ်၍ GPass Main Windows ၏အောက်ဘက်ရှိ Status Bar တွင်လည်း "Ready……" ပြနေပြီဆိုလျှင် GPass ကို အသုံးပြုနိုင်ပြီဖြစ်သည်။

အကယ်၍ GPass Tray Icon သည် မီးခိုးရောင်ဖြစ်နေပါက GPass သည် Internet နှင့် connection ပြတ်တောက်၍ ကောင်းမွန်စွာ အလုပ်မလုပ်နိုင်သေးချေ။ ထိုအခါမျိုးဌ် Internet connection ကောင်းမကောင်း ပြန်စစ်၍ နောက်တစ်ခေါက် ပြန်ကြိုးစားသင့်သည်။

–Using IE or Firefox with GPass (GPass ကို IE or Firefox တို့ဖြင့် Web site များကို ကြည့်ရှုခြင်း) GPass ၏ Main Window အတွင်းရှိ အစိမ်းရောင် IE (Internet Explorer) icon ကို double click လုပ်၍ စတင်ဖွင့်လှစ်လိုက်သည်နှင့် GPass သည် IE Browser ၏ proxy server address တွင် 127.0.0.1 ကိုရိုက်ထည့်ပြီး port တွင် 8000 ပြောင်းလဲရိုက်ထည့်၍ ထို Browser မှ network traffic များကို GPass Software သို့ဖြတ်စေ၍ လျှို့ဝှက်သင်္ကေတ code များပြောင်းလဲ၍ သက်ဆိုင်ရာ network လမ်းကြောင်းမှတဆင့် GPass server များသို့ ချိတ်ဆက်ခြင်းဖြင့် သတင်းအချက်များ ဖလှယ်သည်။ GPass Software ကို ပိတ်လိုက်သောအခါ GPass သည် IE ၏ proxy server address ကို နဂိုမူလ address အတိုင်းသို့ ပြန်လည်ပြောင်းရွှေ့ပေးသည်။

Firefox ကို အဝါရောင် Firefox button မှစတင်ဖွင့်ချိန်တွင် GPass သည် Firefox ထဲတွင် GProxy Toolbar အဖြစ် install လုပ်ပြီးဖြစ်မည်။ GPass ကိုအသုံးပြုရာတွင် ထို GProxy Toolbar တွင် GPass ကို ရွေးချယ်ရမှာဖြစ်သည်။ ထိုမှသာလျှင် သင်၏ network traffic ကို GPass Server ဆီသို့ လမ်းကြောင်း လွှဲပြောင်းပေးနိုင်မည်ဖြစ်သည်။ Firefox ကို GPass မှ မသုံးချင်တော့ဘူးဆိုလျှင်၊ ထို Toolbar မှ None (ie., no proxy) ကို ရွေးချယ်ပေးလိုက်တာနှင့် မူလအတိုင်းသို့ ပြန်လည်ပြောင်းရွှေ့ပေးသည်။

အစိမ်းရောင် IE or Firefox ကို အသုံးပြုပါက အောက်တွင်မိတ်ဆက်ဖော်ပြပါရှိသော automatic mode ထက် ပိုပြီး online speed အနည်းငယ်မြန်ပြီး၊ သာမန် website များကို ဝင်ရောက်လျှင် သင့်တော်သည်။

သို့သော် သာမန်မဟုတ်သော Browser တချို့၏ Plug-ins များသည် proxy settings များကို bypass လုပ်နိုင်သည်။

-Bookmark Manager မှ websites များသို့ဝင်ရောက်ခြင်း
GPass သည် Bookmark Manager တွင် တချို့သော websites ၏ Address များကို ဖြည့်ဆည်းပေးထားသည်။ သင်လည်း မိမိ၏ Bookmark (သို့)Favorite ကိုလည်း ထည့်ထား၍ရသည်။ Bookmark တစ်ခုကို Double click လုပ်လိုက်လျှင် ထို Bookmark သည် သတ်မှတ်ထားသော application အတွင်း စတင် loading ဖြစ်လာပြီး၊ GPass သည် သင်၏ network traffic ကို automatic လျှို့ဝှက်၍ လမ်းကြောင်း လွှဲပေးနိုင်သည်။ ၄င်းသည် GPass ၏ သုံးရအဆင်ပြေသော တခြားနည်းတစ်ခုဖြစ်သည်။

– automatic mode - တခြား application ကို အသုံးပြုခြင်း
ထို automatic mode တွင် သင်အသုံးပြုလိုသော application တစ်ခု၏ Icon ကို GPass window ထဲ drag ဆွဲထည့်ပြီး၊ GPass တွင် double click လုပ်ပြီး၊ ထို applicaton ကို စတင်သုံးနိုင်သည်။ ထို application သည် GPass ၏အကာအကွယ်ကို automatic ရရှိပြီးဖြစ်မည်။ အကယ်၍ သင်သည် SocksCap ကို အသုံးပြုဖူးလျှင် ထို GPass automatic mode ကို အလျင်အမြန် ရင်းနှီးကျွမ်းဝင်မည်ဖြစ်သည်။ သို့သော် SocksCap နှင့်နှိုင်းစာလျှင် GPass သည် website ပိတ်ဆို့ထားမှုကို ကျော်လွှားနိုင်သည့်အပြင် traffic encryption နှင့် compression functions များကို ပို၍တိုးမြှင့်စွမ်းဆောင်ပေးသည်။

-Application list ကို ကြိုတင်ပြင်ဆင်ခြင်း
GPass window ၏ အဓိက အစိတ်အပိုင်းသည် application list ဖြစ်သည်။ ၄င်းတွင် အသင်ရွေးချယ်ထားသော GPass application ပါဝင်သည်။ GPass ကို ပထမဦးဆုံးစတင်သုံးချိန်တွင် သင်၏ computer ထဲရှိ အမြဲသုံး application ကို application list ထဲသို့ ထည့်ပေးလိမ့်မည်။ သင်ကလည်း Add Button ကိုနှိပ်ပြီး လိုချင်သော application များကို ထပ်ထည့်နိုင်သည်။ သို့မဟုတ် application Icon ကို GPass window ထဲသို့ drag-drop လုပ်၍ ဆွဲထည့်နိုင်သည်။

-Application ကို စတင်ခြင်း
Application တစ်ခုကို စတင်ရန်အတွက် GPass window အတွင်းရှိ Icon တစ်ခုကို double click လုပ်ပါ။ သို့မဟုတ် select လုပ်၍ start button ကို နှိပ်ပါ။ GPass window ထဲတွင် တစ်ချိန်တည်း application အမျိုးမျိုးကို start လုပ်နိုင်သည်။ ထိုနည်းဖြင့် start ထားသော application တွင် “ via GPass ” ဟု စာသား ပါရှိနေမည်ဖြစ်သည်။

-Work online

သင်အခု စိတ်ချလက်ချ၊ အတားအဆီးမရှိ၊ online ပေါ်တွင် အလုပ်လုပ်နိုင်ပါပြီ။ အဘယ်ကြောင့်ဆိုသော် GPass ထဲတွင် start ထားသည့် application သည် သူ၏ network traffic ကို GPass မှတဆင့် automatic လမ်းကြောင်းလွှဲပေးခြင်းကြောင့်ဖြစ်သည်။ GPass window ကို မလိုအပ်လျှင် ထိုနေရာတွင် ပိတ်နိုင်သည်။ အကယ်၍ ပြန်သုံးချင်လျှင် Tray Icon ကို ပြန်ခေါ်ယူ၍ ထပ်မံသုံးနိုင်သည်။

–Stop applications

အသင်၏ Online အလုပ်ပြီးမြောက်ပြီးနောက်၊ ခါတိုင်း application ပိတ်သည့် ပုံစံအတိုင်း ပိတ်နိုင်သည်။

-Using other applications-Mauual Proxy Mode

သာမန်အားဖြင့် GPass သည် အထက်ဖော်ပြပါ automatic mode အတိုင်း run သင့်သည်။ သို့သော်လည်း GPass သည် local proxy အဖြစ်လည်း run နိုင်သည်။ automatic mode ထဲတွင် တချို့ applications များ မ run နိုင်ခဲ့သော်၊ GPass ကို HTTP proxy (သို့) Socks5 proxy အဖြစ်၊ ထို application ကို manual configure လုပ်နိုင်သည်။ GPass proxy address : localhost (or) 127.0.0.1 , port number : 8000 ကို GPass ၏ Status Bar တွင် ဖော်ပြထားသည်။ application တိုင်းတွင် proxy setup လုပ်ပုံများ မတူသည့်အတွက်ကြောင့် manual guide ကို ကိုးကားဖတ်ရှုကြပါ။

-Stopping GPass

GPass window ကို ပိတ်မည်ဆိုလျှင် ထို window ၏ ညာဘက်အပေါ်ထောင့်ရှိ☒ button ကို နှိပ်၍ပိတ်နိုင်သည်။ သို့သော် GPass Software သည် Background ၌ run နေဆဲဖြစ်သည်။ ထို့ကြောင့် GPass Software အားလုံးကို ပိတ်ချင်လျှင် ပိတ်မည်ဆိုလျှင် GPass ၏ Tray Icon ပေါ်တွင် double click နှိပ်၍ exit ကို ရွေးလိုက်မှသာလျှင် ပိတ်နိုင်သည်။ ထိုသို့ မပိတ်မီ GPass နှင့်တွဲဖက်အသုံးပြုသော application အားလုံးကို ပိတ်ထားရန်လိုသည်။

GPass ကို exit လုပ်ရာတွင် internet explorer ၏ history ကို clear လုပ်ရန် GPass အား ညွှန်ကြား နိုင်သည်။



Main window

မိမိအသုံးပြုလိုသော application ကို double click လုပ်၍ဖွင့်ပါ။ အကယ်၍ သင်အသုံးပြုလိုသော application သည် ဒီနေရာတွင်မပါရှိပါက သင်အသုံးပြုလိုသော application ကို mouse ဖြင့် ဒီနေရာသို့ ဆွဲထည့်နိုင်သည်။

Bookmark Manager

-Bookmark Manager သည် GPass ဖြင့် Internet Website ကြည့်ရှုသူများအတွက် Notebook (မှတ်စုစာအုပ်) တစ်ခုသာဖြစ်သည်။ အသုံးပြုသူကြည့်ရှုထားသော Website address များကို အသုံးပြုများက နောင်အခါ ပြန်ကြည့်ချင်မယ်ဆိုလျှင် Bookmark Manager တွင် သိမ်းထားနိုင်သည်။

-Bookmark Manager တွင် Website address များကို categories များခွဲ၍လည်းကောင်း၊ ကြည့်ရလွယ်အောင် Tress Structure များဖြင့် သိမ်းထည့်ထားပါသည်။

-Bookmark Manager မှ မှတ်ထားသော Website address name များကို အသုံးပြုသူ၏ ရင်းနှီးရာ name များအဖြစ်လည်း ပြောင်းလဲသတ်မှတ်ထားနိုင်သည်။



Setup Options

GPass အတွင်း Settings များကို ရွေးချယ်ခြင်း

General Tab တွင် ယေဘူယျစံသော အရေးမကြီးသည့် Settings များကို ရွေးပေးသည်။

GPass သည် GSafe ဟုခေါ်သော security software တစ်ခုဖြင့် security ပိုကောင်းအောင် သုံးနိုင်သည်။ ထို့အပြင် လွယ်ကူစွာသယ်ဆောင်အသုံးပြုနိုင်သော size မကြီးသည့် portable version of Firefox နှင့် Thunderbird များကို download လုပ်ယူအသုံးပြုနိုင်သည်။



IE or Firefox Browser ကို GPass open ပြီးတာနှင့် ဖွင့်သည်။

IE ကို ပိတ်လိုက်သည်နှင့် cache files များကို ဖျက်ပေးသည်။

GSafe သိမ်းရန် နေရာ။

Firefox သိမ်းရန် နေရာ။

Thunderbird သိမ်းရန်နေရာ။



GPass Server Address ထည့်ရန်။
GPass Server Address များကို Messenger များ၊ e-mail များမှတဆင့် ရယူနိုင်သည်။



GPass - Working Modes and Principles



GPass အတွက် လိုအပ်သော LAN Proxy Server address ကို IE Browser မှ အလိုအလျောက်ရယူမည်။ သို့မဟုတ် အောက်တွင် Manual ထည့်ပေးရမည်။



GPass ၏ ကောင်းကြောင်း /မကောင်းကြောင်း များကို ဒီနေရာတွင် ရေးသားခြင်းဖြင့် GPass Creater များ သိရှိနိုင်သည်။

Tray Icon and Tray Menu



GPass ၏ Tray Icon ဆိုသည်မှာ ပုံတွင်ပြထားသည့်အတိုင်း Windows Taskbar ပေါ်တွင် Icon လေး ဖြစ်သည်။ ၄င်း Icon ကို double click လုပ်၍ GPass “Main Window” သို့ဖွင့်နိုင်သည်။ သို့မဟုတ် ၄င်း Icon ကို right click လုပ်သောအခါ “ Tray Menu ” ပေါ်လာမည်။ ထိုမှ “ Show GPass Window ” ကိုရွေးချယ်၍လည်း GPass “ Main Window ” ကို ဖွင့်နိုင်သည်။

GPass Software ဖွင့်ထားသမျှကာလပတ်လုံး ထို Icon လေးသည် Windows Taskbar ၌ပေါ်နေမည်ဖြစ်ပြီး ၄င်း Icon သည် မီးခိုးရောင် grey color ဖြစ်နေလျှင် GPass Servers များနှင့် မချိတ်ဆက်နိုင်သေး၍ GPass functions များကို ကောင်းစွာမလုပ်ဆောင်နိုင်ပါ။
၄င်းIcon သည် green color ဖြစ်မှသာလျှင် ကောင်းစွာလုပ်ဆောင်နိုင်မည်။
GPass Software အားလုံးကို ပိတ်မည်ဆိုလျှင် Tray Menu မှ Exit ကို ရွေး၍ပိတ်နိုင်သည်။

Firewall and LAN Proxy Settings
အကယ်၍ GPass အသုံးပြုသူ၏ computer ၌ “Zone Alarm” ကဲ့သို့သော Personal Firewall များရှိပါက ထို firewall software အတွင်း GPass ၏ network traffic များကို ပိတ်ဆို့ တားမြစ်ခြင်းမရှိရအောင် ဆောင်ရွက်ပေးရမည်။ “Zone Alarm” software မှ GPass network traffic များကို ဖြတ်သန်းသွားလာခွင့်ပြုမပြု မေးလာသောအခါတွင် “Yes” ကို ရွေးပေးပါ။



FAQ

Q1. ကျွန်ုပ်၏ network traffic များသည် GPass Software သို့ ဖြတ်သန်းသွားလာမှုရှိမရှိကို မည်သို့ သိရှိနိုင်မည်နည်း။

A1. “Using GPass” ခေါင်းစဉ်တွင် ရှင်းပြပြီးဖြစ်သည်။ ပိုသေချာရန်၊ GPass “Main Windows” ရှိ“Speed Meter”ကို ကြည့်ရှုသိရှိနိုင်သည်။

Q2. GPass သည်အသုံးပြုသူ၏ computer အတွင်းအခြားသော software များကြောင့် ပိတ်ဆို့ တားမြစ်ခြင်းခံရလျှင် ဘာလုပ်နိုင်မည်နည်း။

A2. ထိုသို့ဖြစ်နေလျှင်အသုံးပြုသူ၏ Computer အတွင်း ထည့်သွင်းထားသော Anti-virus software များ Zone Alarm ကဲ့သို့ Personal Firewall များကို ပြန်လည်စစ်ဆေးပါ။

Q3. တချို့ Website များကို GPass ဖြင့်သုံး၍ တချို့ Website များကိုမူ Normal သုံးနေကြအတိုင်း သုံးနိုင်ပါသလား။ ဘယ်လိုလုပ်နိုင်ပါသလဲ။

A3. ထိုသို့အသုံးပြုနိုင်ရန် Firefox ကို အသုံးပြုပါ။

Q4. ကျွန်ုပ်တွင် application တစ်ခုရှိပါသည်။ ထို application မှာ GPass ဖြင့် တွဲဖက်အသုံးမပြုနိုင်ပါ။ မည်သို့လုပ်ရမည်နည်း။

A4. ထို application ၏ Proxy server address တွင် 127.0.0.1 port 8000 သွင်း၍ test လုပ်ကြည့်နိုင်သည်။

Q5. GPass file GPass.exe တွင် Virus များ / other computer ကို ပျက်စီးစေသော software များ မပါရှိကြောင်း မည်သို့သိရှိနိုင်မည်နည်း။

A5. Integrity Check ခေါင်းစဉ်ကို ပြန်ကြည့်ပါ။

Q6. Skype and Tor channels ဆိုတာပါလဲ။

A6. Internet Websites ပိတ်ပင်တားဆီးမှုကို ထိုးဖောက်နိုင်စွမ်းတိုးလာရန်အတွက် GPass သည် Skype နှင့် Tor channels ကို ထွက်ပေါက်အဖြစ် သင့်အား အသုံးပြုစေပြီး encryption နှင့် compression ကို ပိုမိုအားကောင်းစေသည်။ ဒါပေသိ ယေဘူယျအခြေအနေတွင် GPass သည် အလုံခြုံဆုံး၊ speed အမြန်ဆုံးဖြစ်သည်။ ထို့ကြောင့် GPass ကို ပထမဦးစားပေးရွေးသင့်ပြီး၊ Skype နှင့် Tor channels ကို ဒုတိယဦးစားပေးအနေနှင့်ရွေးသင့်သည်။

Skype နှင့် Tor channels သည် GPass ၏ အစိတ်အပိုင်းတစ်ခုမဟုတ်ပါ။ Skype နှင့် Tor channels သီးသန့် install လုပ်ရမည်ဖြစ်ပြီး၊ ၄င်းတို့ကို starting လုပ်ပြီး online ချိတ်ပါ။ ပြီးမှ ၄င်းတို့ကို setup လုပ်ပါ။ ဒါမှသာလျှင် GPass ထဲတွင် ၄င်းတို့ကို အသုံးပြုနိုင်မည်ဖြစ်သည်။ အသင်၏ computer လုံခြုံရေးအတွက် Skype နှင့် Tor channels ၏ Software ကို official website တွင် download ရယူကြပါ။ တခြား websites မှ download ရယူခြင်းများကို လွယ်လင့်တကူ မယုံပါနှင့်။

Q7. GProxy ဆိုတာဘာလဲ။ ဘယ်လိုအသုံးပြုရသလဲ။

A7. GProxy ဆိုသည်မှာ Firefox နှင့် Thunderbird တို့၏ Add-on utility သာလျှင်ဖြစ်သည်။ သင်တို့ Firefox နှင့် Thunderbird ကို သုံးချိန်တွင် အလွယ်တကူ proxy setting ကို switching လုပ်ပေးနိုင်သော utility ဖြစ်သည်။

GPass ထဲတွင် Firefox/Thunderbird ကို start လုပ်ရန် နည်း(၂)နည်းရှိသည်။ ပထမနည်းမှာ အဝါရောင် Firefox Icon ကို အသုံးပြုခြင်း၊ ဒုတိယနည်းက application list (automatic mode) မှ အသုံးပြုခြင်းတို့ဖြစ်သည်။ ထိုနည်း(၂)နည်းတွင် ပထမနည်းက speed အနည်းငယ်ပိုမြန်ပြီး၊ သာမန် websites များကို Browse လုပ်ရာတွင် သင့်တော်သည်။ Freegate နှင့် Ultrasurf စသော software များနှင့်လည်း အလားတူသည်။ သို့သော် သာမန်မဟုတ်သော Brower plug-in တချို့သည် proxy settings ကို bypass လုပ်ပြီး online speed ကို မြန်လာစေသည်။

GPass ကိုအသုံးပြုရာတွင် ထို GProxy Toolbar တွင် GPass ကို ရွေးချယ်ရမှာဖြစ်သည်။ ထိုမှသာလျှင် သင်၏ network traffic ကို GPass Server ဆီသို့ လမ်းကြောင်းလွှဲပြောင်းပေးနိုင်မည်ဖြစ်သည်။ Firefox ကို GPass မှ မသုံးချင်တော့ဘူးဆိုလျှင်၊ ထို Toolbar မှ None (ie., no proxy) ကို ရွေးချယ်ပေးလိုက်တာနှင့် မူလအတိုင်းသို့ ပြန်လည်ပြောင်းရွှေ့ပေးသည်။

Application list ထဲရှိ Firefox နှင့် Thunderbird ကို start လျှင် တခြား proxy setting ကို ချိန်ရန်မလိုပါ။ GProxy ထဲတွင် None(no proxy) ကို ရွေးလျှင်ရပါပြီ။

Q8. ကျွန်ုပ်တို့ သင်တို့အား ဘယ်လိုထောက်ခံပေးရမလဲ။

A8. ကျွန်ုပ်တို့ရဲ့GPass ကို လူသိများအောင် ကူညီပေးပါ။ အဘယ်ကြောင့်ဆိုသော် GPass ကိုအသုံးပြုတဲ့ User တွေ လုံခြုံစေရန်အတွက်ဖြစ်သည်။

User Agreement (အသုံးပြုသူများ သဘောတူလိုက်နာရန်)

GPass Software နှင့် website ကို အသုံးပြုလျှင် လိုက်နာရမည့်အချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။

- GPass software ကို download လုပ်ပြီးအသုံးပြုခြင်းသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် အသုံးပြုခြင်းဖြစ်ပါသည်။
- အသင်သည် GPass software နှင့် website ကို တရားမဝင်ခြင်း(သို့)အန္တရာယ်ဖြစ်စေခြင်း ရည်ရွယ်ချက်များ (Spam အပါအဝင်)အဖြစ် မသုံးသင့်ပေ။
- အသင်သည် GPass လမ်းဖွင့်သူနှင့် ထိန်းသိမ်းသူတို့ကို အန္တရာယ်အဖြစ်သို့ ကျရောက်စေခြင်း (သို့) ထိခိုက်ပျက်စီးစေခြင်းများ မဖြစ်စေပါနှင့်။ အသင်သည် ထို GPass freeware ကို ပုဂ္ဂိုလ်ရေးအတွက် အသုံးပြုရန်ဖြစ်ပြီး၊ ထပ်တဖန် ဖြန့်ဖြူးပေးသင့်သည်။ ထို့ကြောင့် ထို User Agreement (အသုံးပြုသူများ သဘောတူလိုက်နာရန်) အပါအဝင်၊ ၄င်း၏ file ကို delete လုပ်ခြင်း၊ အပြောင်းအလဲလုပ်ခြင်းများ မလုပ်ပါနှင့်။
- GPass software သည် အင်တာနက်အသုံးပြုသူ လူအများအတွက် လုံခြုံလွယ်ကူစွာ အသုံးပြုနိုင်ရန် ဖန်တီးပေးခဲ့သော်ငြားလည်း၊ လမ်းဖွင့်သူနှင့် ထိန်းသိမ်းသူတို့မှာ အသုံးပြုသူ၏ computer လုံခြုံရေးနှင့် ပုဂ္ဂိုလ်ရေးလုံခြုံမှုအတွက် တာဝန်မယူပါ။
- GPass လမ်းဖွင့်သူနှင့် ထိန်းသိမ်းသူတို့သည် ထိုသဘောတူလိုက်နာချက်များအား ပြုပြင်ပြောင်းလဲနိုင်ခွင့် ရှိပါသည်။